
မသောက်

# ကီဝီကဗျာတွဲများ



## ကီဝီ ကဗျာတွဲများ နှင့် ပတ်သက်၍

ကမ္ဘာကျော် တီးဝိုင်းတစ်ပိုင်း ပြောတာ မှတ်မိသေးတယ်။ ကျွန်တော်တို့ chord တွေ အများကြီး မသိပါဘူး။ သုံးလေးခုလောက်ပဲ သိပါတယ်တဲ့ ။ အဲဒါတွေနဲ့ သူတို့ သီချင်းတွေ ဖန်တီးကြတယ်။

ကျွန်တော် ကြွေဆင်းသွားတယ်။ ကျွန်တော့် ကဗျာစာအုပ်တစ်ချက်ကြည့်လိုက်တော့လည်း သိပ်အများကြီး မပါပါဘူး။ အပင်၊ အသီးအရွက်နဲ့ အကောင်ပလောင် အနည်းငယ်နဲ့ ပဲ ရေးဖြစ်တာ တွေ့မိတယ်။ အသီးတစ်သီး တွေ့မိတယ်။ ကီဝီသီးတဲ့ ။ ကျွန်တော် စိတ်ဝင်စားသွားတယ်။

ကီဝီဆိုတဲ့ နာမည်က အသီးရော ငှက်နာမည်ရော ထူးထူးခြားခြား နာမည်တစ်လုံးတည်း သုံးထားတာလေ။ ကျွန်တော်လည်း အသီး၊ အပင်နဲ့ အကောင်ပလောင်တွေ စိတ်ဝင်စားတော့ ကဗျာစာအုပ် နာမည်ကိုလည်း ကီဝီလို့ ပဲ နာမည်ပေးလိုက်ပါတယ်။ ကျွန်တော့် ကဗျာတွေက တစ်ပုဒ်ချင်းဖတ်ရင် တစ်ခုခု လိုနေလိမ့်မယ်လို့ ထင်တယ်။ အတွဲလိုက်မှ အဆင်ပြေပါလိမ့်မယ်။ အဲဒါကြောင့် ကဗျာတွဲဆိုပြီး စုစည်းလိုက်တာပါပဲ။ ကျွန်တော့်ကဗျာတွေကို ယုံယုံကြည်ကြည်နဲ့ ကဗျာစာအုပ် ထုတ်ဝေပေးတဲ့ ဆရာမိုးဝေးနဲ့ နှစ်ကာလများ စာပေကို အထူးပဲ ကျေးဇူးတင်ပါတယ် ။

*****

ဆယ်လ်မွန် ငါးဖမ်းခရီးစဉ် ကဗျာ ၅ ပုဒ်

**စတော်ဘယ်ရီသီးများ မခူးဆွတ်ရခြင်း အကြောင်းအရင်း**

တော်ဘယ်ရီ မမြင်ဖူးသေးတုန်းက စတော်ဘယ်ရီပင်အောက်

ထိုင်ပြီး ကဗျာရေးဖို့ စဉ်းစားဖူးတယ်။ စတော်ဘယ်ရီ ဝိုင်လည်း

သောက်ဖူးရော စတော်ဘယ်ရီ မြင့်လား နိမ့်လား စဉ်းစားဖို့

မေ့သွားရော။ အရင်နှစ်တွေတုန်းက တရုတ်က သွင်းတဲ့

စပျစ်ဝိုင်တွေနဲ့ မူးယစ်ခဲ့ (မူးယစ်တိုင်းလည်း နှင်းဆိုတဲ့ ကောင်မ လေးနဲ့

ဘယ်လိုမှ မသက်ဆိုင်ဘဲ နှင်းဆိုတဲ့ ကောင်မလေးကို သတိရခဲ့)

စတော်ဘယ်ရီသီးတွေ တစ်လုံးပြီးတစ်လုံး အသွင်ပြောင်းလဲသွားကြပေမယ့်

စတော်ဘယ်ရီ အရသာတွေကတော့ ပါးစပ်ထဲမှာ

ချိုမြိန်နေတုန်းပဲ။ ။

***

**ပန်းခြင်း**

စိုက်ထားတဲ့ အပင်က

နှင်းဆီပွင့်မယ့်အချိန်ကို စောင့်ရင်း

နေ့ တွေဟာ

ပျော်စရာကောင်းခဲ့ပြီ

အရင်လတွေ

နှင်းဆီသုံးပင် စိုက်တဲ့ အထဲမှ

နှစ်ပင် ပိုးကျခဲ့

(အခွင့်အရေးတချို့ ရှိပါလျှင်

နှင်းဆီ သုံးပင်စလုံး

ပြန်စိုက်ချင်ပါသည် )

အရင်စိုက်ခဲ့တဲ့ နေ့ရက်တွေမှာ

ရေလောင်း ပေါင်းသင်ခဲ့

နှင်းဆီများကို ပြုပြင်ခဲ့ပေမဲ့

နှင်းဆီတွေကို အတောင်ပံတွေ တပ်ပေးလိုက်တဲ့ အခါ

မိုးသားထဲ

သူတို့ အဆုံးအစမဲ့ ဝဲပျံသွား

နှင်းဆီတွေကို သတိရခြင်း ပန်းခြင်းတွေထဲ ထည့်လိုက်တဲ့ အခါ
အဲဒီပန်းခြင်းတွေကိုတော့ ယူလိုက်ပါ။ ။

***

**ခူးဆွတ်ခြင်း**

ခြံဝင်းထဲက
မှ ည့်ဝင်းနေတဲ့ အသီးတွေကို
ခိုးစားမိပြီ

စားပွဲပေါ်က
ခွက်အပြည့်နဲ့ နတ်တင်ထားတဲ့
သေရည်တွေကို
ခိုးသောက်မိပြီ

ခိုးစားမိတဲ့ အသီးတွေ ချိုမြိန်လို့
ခိုးသောက်မိတဲ့ သေရည်တွေမှာ
ယစ်မူးမိလို့

အဲဒီအသီးတွေ အပင်ပေါ်

ဘယ်လို ရင့်မှ ည့်ခဲ့သလဲဆိုတာ

မသိလိုက်ပါလား

သေရည်တွေ ခွက်ထဲ

ဘယ်သူ ဖြည့်ခဲ့သလဲဆိုတာ

မသိလိုက်ပါလား

သေရည်ကို သောက်ခဲ့မိပြီ

အသီးကို ခူးခဲ့မိပြီ။ ။

***

## နှင်းဆီနက်

နှင်းဆီနက်တွေကို

စာကြောင်းတွေထဲမှ

အတွေ့အကြုံ မရှိခဲ့ဘူး

နှင်းဆီနက်တွေကို

အပြင်လောကမှာ တော့

မတွေ့ဖူး မမြင်ဖူး

နှင်းဆီနက်တွေကို မမြင်ဖူးဘဲ

ကဗျာကောင်းကောင်း

တစ်ပုဒ်လောက် ရေးမလို့

နှင်းဆီနက်တွေကို

မြင်ဖူးလို့ လားလို့ မေးကြတယ်

(တကယ်တော့ သူတို့ လည်း

မမြင်ဖူးဘူး)

ဒီကဗျာဟာ နှင်းဆီနက်တွေကို

တစ်ကြောင်းတည်းနဲ့

ဖွဲ့ဆိုထားခြင်းပါပဲ

နှင်းဆီနက်တွေကို

ကမ္ဘာတစ်ခြမ်းမှာ အမှောင်ချထား

လုံးဝ မမြင်ရပါလား။ ။

***

## ရေတွင်းထဲက လ

လသာတဲ့ ညတွေ

ရေတွင်းဟောင်းထဲ ငုံ့ကြည့်တိုင်း

လတစ်စင်းကို မြင်ရ

ငွေရောင် အကြေးခွံများ နဲ့

လူးလွန့်လျက် ...

သူရူး တချို့

(လမင်းကို ရေငင်ပုံးနဲ့ ငင်လို့

သူရူး တချို့

လမင်းကို တစ်စုံတစ်ရာနဲ့

ခိုင်းနှိုင်းလို့

ဆွဲဆောင်မှုရှိတဲ့ လရောင်အောက်မှာ

ရေငင်ပုံးနဲ့

ရေညှိတက်နေတဲ့ အုတ်သားများ နဲ့

ရေတွင်းဟောင်းတစ်ခု ရှိတယ်

လတစ်စင်းကို ပိုင်ဆိုင်မှ

တန်ဖိုး တက်လာခဲ့

ရေတွင်းထဲက လကို

စွဲလမ်းမနေနဲ့

အဲဒီလဟာ အတုပဲလို့ လည်း

ပြောကြတယ်။ ။

*****